



# အင်တာနက်ရှိပြီး ဘေးကင်းလုံခြုံသည့်နေရာတွင် အွန်လိုင်းဖြေဆိုသူများ လိုက်နာရန်စည်းကမ်းချက်များ

၁။ အင်တာနက်ကောင်းစွာရရှိပြီး ဘေးကင်းလုံခြုံသောနေရာတွင် သီးသန့် စာဖြေခန်း၊ စားပွဲနှင့်ထိုင်ခုံ စီစဉ်ထားရှိရမည်။ ယင်းအခန်းသည် ဖြေဆိုသူ၏ မျက်နှာနှင့် မျက်လုံးများကို ကောင်းစွာမြင်နိုင်သည့် အလင်းရောင်ရှိရပါမည်။ စာဖြေခန်းနံရံများ၊ စားပွဲ စသည်တို့တွင် မှတ်စု၊ ပုံသေနည်း၊ ရုပ်ပုံ စသည့် ရေးမှတ်ထားမှုများ မရှိစေရန် သန့်ရှင်း/ရှင်းလင်းထားရမည်။

၂။ စာဖြေခန်းအတွင်း ဖြေဆိုရာတွင် အသုံးပြုမည့် ဖုန်း/တက်ဘလက်/ ကွန်ပျူတာ၊ ဘာသာရပ်လိုအပ်ချက်အရ အကြမ်းတွက်ရန်၊ A4 စာရွက်အလွတ်၊ ခဲတံ၊ ခဲဖျက် နှင့် ရေပုလင်းသာ ယူဆောင်ရမည်။

မှတ်ချက် - ဘာသာရပ်၏ လိုအပ်ချက်အရ ယူဆောင်ခွင့်ပြုသော A4 စာရွက်အလွတ်၊ ခဲတံ၊ ခဲဖျက်နှင့် ဂဏန်းပေါင်းစက် (calculator) စသည်တို့ကို ပလတ်စတစ်အိတ်ကဲ့သို့ အတွင်းမြင်ရသည့်အိတ်ဖြင့် ထည့်၍ ယူဆောင်ရမည်။ မဖြေဆိုခင် A4 စာရွက် အလွတ်ဖြစ်ကြောင်း ကင်မရာ (ဝက်ဘ်ကင်မ်) တွင်ပြသရမည်။

၃။ စားပွဲပေါ်တွင် အခြားသော အီလက်ထရွန်နစ် ပစ္စည်းများ (ဥပမာ- စမတ်ဖုန်း၊ စမတ်နာရီ၊ နားကြပ်များ၊ ဟက်ဒ်ဖုန်း စသည်)၊ မှတ်စုစာအုပ်၊ ဖတ်စာအုပ်၊ စာရွက်စာတမ်းများ မရှိစေရ။

၄။ စစ်ဆေးချိန်အတွင်း စာဖြေခန်းတွင် ဖြေဆိုသူတစ်ဦးတည်းသာ ရှိရမည်။ မည်သူမျှ ဝင်ထွက်ခြင်းမပြုစေရ။

၅။ ဖြေဆိုရာတွင် ကျောင်းသား/သူ၏ မျက်နှာနှင့် ဦးခေါင်းပိုင်းကို ကင်မရာ (ဝက်ဘ်ကင်မ်) တွင် ထင်ရှားစွာ မြင်ရရန် လိုအပ်ပါသည်။

၆။ ကင်မရာ (ဝက်ဘ်ကင်မ်) ဖြင့် ကျောင်းသား/ကျောင်းသူများ ဖြေဆိုမှုကို စက္ကန့်အလိုက် မှတ်တမ်း တင်ထားမည်ဖြစ်သည့်အတွက် မေးခွန်းများကို ကူးယူခြင်း၊ ဓာတ်ပုံ ရိုက်ယူခြင်း (လုံးဝ) မပြုလုပ်ရပါ။

၇။ ဖြေဆိုရာတွင် အသုံးပြုသည့် ဖုန်း/ တက်ဘလက်/ ကွန်ပျူတာမှလွဲ၍ အခြား ဖုန်း/ တက်ဘလက်/ ကွန်ပျူတာများမှတစ်ဆင့် အချက်အလက်များ ကြည့်ရှုဖြေဆိုမှု (လုံးဝ) မပြုလုပ်ရပါ။

၈။ အခြားသူ တစ်ဦးတစ်ယောက်ထံမှ အကူအညီရယူ ဖြေဆိုမှု (လုံးဝ) မပြုလုပ်ရပါ။

၉။ ဖတ်စာအုပ်များ၊ မှတ်စုစာအုပ်၊ စာရွက်စာတမ်းများကို ကြည့်ရှုဖြေဆိုမှု (လုံးဝ) မပြုလုပ်ရပါ။

၁၀။ ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည့်အတွက် အချိန်မဆွဲဘဲ ဖြေဆိုရမည်။

၁၁။ ဖြေဆိုသူက မိမိ၏ ကုဒ်နံပါတ်ကို မှန်ကန်စွာ ဖြည့်သွင်းရမည်။





၁၂။ ကျောင်းသားတစ်ဦးသည် တစ်ခုထက်ပိုသော ကျောင်းသားကုဒ်များ (ID Code) များရရှိထားပြီး ထိုကျောင်းသားကုဒ်များဖြင့် Moodle ID Code များရယူပြီး အကြိမ်ကြိမ်ဖြေဆိုခြင်းမပြုရ။ ကျောင်းသား တစ်ဦး လျှင် မိမိ၏ Moodle ID Code တစ်ခုတည်းဖြင့်သာ မိမိရွေးချယ်ထားသော ဘာသာရပ်များ အားလုံးဖြေဆိုရမည်။

၁၃။ ပေးထားသည့် အချိန်အတွင်း မေးခွန်းများအားလုံးကို အစမှအဆုံး ပြီးဆုံးအောင် တစ်ဆက်တည်း (တစ်ထိုင်တည်း) ဖြေဆိုရမည်။ အတတ်နိုင်ဆုံး အချိန်ပြည့်ဖြေဆိုရန် လိုပါသည်။

၁၄။ ရုတ်တရက် နေမကောင်းခြင်း/ အရေးပေါ်အခြေအနေမှလွဲ၍ စတင်ဖြေဆိုချိန်မှ ပြီးဆုံးသည်အထိ ဖုန်း/ကွန်ပျူတာ ကင်မရာ (ဝက်ဘ်ကင်မ်) ရှေ့မှ ထွက်ခွာခြင်းမပြုရ။

၁၅။ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသော စာဖြေသူများအနေဖြင့် ကိုယ်တိုင်ဖြေဆိုနိုင်ခြင်းမရှိပါက စာဖြေသူ၏ တစ်ဆင့်နိမ့်အတန်းမှ ကျန်းမာရေး ကောင်းမွန်ပြီး စာပေထူးချွန်သော (မေးခွန်းပုံစံကိုကောင်းစွာ သိရှိနားလည်ပြီးသော) ကျောင်းသား/သူ တစ်ယောက် ကိုခေါ်၍ ထိုမသန်စွမ်းကျောင်းသားအတွက် မေးခွန်း ဖတ်ပြခြင်း နှင့် အဖြေရွေးချယ်ခြင်း ပြုလုပ်ပေးနိုင်ပါသည်။ တစ်ဆင့်နိမ်းအတန်းမှ ဖြေဆိုပေးမည့်သူ အမည်၊ အတန်း၊ နောက်ဆုံးတက်ခဲ့သည့်ကျောင်းအမည်ကို beca.lms@be.moeedu.org သို့ အကြောင်းကြားရမည်။ စာဖြေချိန်အတွင်း ဖြေဆိုရာတွင် အသုံးပြုမည့် ဖုန်း/ တက်ဘလက်/ ကွန်ပျူတာ ကင်မရာ (ဝက်ဘ်ကင်မ်) ရှေ့တွင် (၂) ဦးလုံး ရှိနေရမည်။

**မှတ်ချက် – စစ်ဆေးချိန်အတွင်း အထက်ပါအချက်များကို မလိုက်နာကြောင်း တွေ့ရှိပါက အသိအမှတ်ပြုလက်မှတ်နှင့် အမှတ်စာရင်း ထုတ်ပေးမည် မဟုတ်သည့်အပြင် ပြန်လည်ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။**

## ဖြေဆိုခွင့်

၁။ ဖြေဆိုစဉ် ရုတ်တရက် အင်တာနက်ပြတ်တောက်သွားခြင်း၊ လုံခြုံရေးအခက်အခဲဖြစ်ပေါ်ခြင်းစသည့် အရေးပေါ် အခြေအနေများကြောင့် ဖြေဆိုမှု ရပ်တန့်လိုက်ရသော ဘာသာရပ်များရှိပါက နောက်တစ်ကြိမ် ဝင်ရောက် ဖြေဆိုနိုင်ရန် ဖြေဆိုခွင့် **(၂)ကြိမ် (2 Attempts)** ထည့်သွင်းပေးထားပါသည်။ နှစ်ကြိမ်ဖြေဆိုပြီးနောက် အလားတူ အခြေအနေမျိုးထပ်မံဖြစ်ပေါ်ပါက **beca.lms@be.moeedu.org**သို့ဆက်သွယ်၍ဖြေဆိုခွင့်နောက်ဆုံး(၁)ကြိမ်ထပ်မံတောင်းဆိုနိုင်ပါသည်။ အခက်အခဲကြောင့် ဖြေဆိုမှုရပ်တန့်ရခြင်း အမှန်ဖြစ်မဖြစ်ကို စစ်ဆေးပြီး ဖြေဆိုခွင့်ကို ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ဖြေဆိုမှုအခက်အခဲကြောင့် (၁) ကြိမ်ထက်ပို၍ ဖြေဆိုရပါက အများဆုံးရမှတ်အဆင့်ကို အတည်ပြု သတ်မှတ်မည် ဖြစ်ပါသည်။